လှိုင်စာပေ

မြပုလဲခင်

# မောင့်ကျိန်စာ . . . စူး

လုံးချင်းဝတ္ထုသစ်

Design: Myat Thura

ကာရံမညီ … စာမစီနိုင်ဘူး၊

အချစ်ဆူးက … ရင်မှာ လူးတော့

မမေ့ရက်ဘူး … အချစ်ဦး၊

မောင့်ကျိန်စာ … စူး။

မြပုလဲခင်

ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက စိတ်ကူးလေးနဲ့ ရူးတတ်တဲ့ ကျွန်မက နွေဦး၌ လေရူးတွေ သရမ်းတော့ ရော်ရွက်ဝါတို့ လူးလွန့်ကာ မြေဝယ်လွင့်ပါး အကျကိုတောင် ရွက်ဝါလေးတွေ နာကျင်မှာ စိုးရွံ့စိတ်နဲ့ ဂါဝန်ကလေး ဖြန့်ကာဖြန့်ကာ လိုက်ဖမ်းတတ်တဲ့ ကျွန်မ။ ဖမ်းလို့ ရသမျှ ရွက်ဝါလေးတွေကို မိခင်သစ်ပင်ခြေရင်း၌ သွားပုံပေးတတ်သေးသည် ။

သူတို့ မခွဲမခွာရှိစေချင်သော ကတ်သီးကတ်ဖဲ့ တွေးတတ်ခဲ့တဲ့ ကျွန်မ။

ဒါတင်မက ငယ်စဉ်က မိမိတို့ အား ထိန်းကျောင်းပေးတတ်သော အဒေါ်ကြီးများက ခြောက်လှန့်တတ်သော တစ္ဆေသူရဲများ အကြောင်း ပြောတတ်သဖြင့် ကြောက်တတ်သော ကျွန်မသည် ‘အိပ်ရာဝင်ခါနီး ခြေထောက် ဆေးရတယ်။ မဆေးရင် ထမင်းလုံးတစ္ဆေ ခြောက်တတ်တယ်’ ဟူသော ခြောက်လုံးကို အဟုတ်မှတ်ကာ ကြောက်တတ်သော ကျွန်မ

အတွေးက ကျွန်မ ခြေထောက်မှာ ထမင်းလုံး မရှိကြောင်း ထမင်းလုံးတစ္ဆေ လာလျှင် မြင်သာစေရန် မီးဖွင့်ပေးရန် ပူဆာတတ်ပြီး ချမ်းချမ်းစီးစီး တစ်ခါတစ်ရံ ရေခဲတတ်သော တောင်ပေါ်မြို့ ဖြစ်သည့်တိုင် ဂွမ်းစောင်အောက်က ခြေထောက်လေးကို ဖော်ထားပေးတတ်သည်။ ထမင်းလုံးမနင်းကြောင်း တစ္ဆေလာလျှင် သိစေ မြင်သာစေရန်နှင့် ဒါဆို ကျွန်မအား ထမင်းလုံး တစ္ဆေမခြောက်တော့ဟူသော အတွေးမျိုးကိုလည်း ရှုးသွပ်စွာ တွေးတတ်သေးသည်။

ငယ်စဉ်က အတွေးများ နှင့် ထမင်းလုံးတစ္ဆေ ခြောက်လန့်မှုကိုတောင် ကာကွယ်တတ်ခဲ့တဲ့ ကျွန်မသည် တကယ်တမ်း အချစ်တစ္ဆေက ခြောက်လှန့်လာသောအခါ အကာအကွယ် မပြုနိုင်ခဲ့တော့ဘဲ အချစ်တစ္ဆေ၏ စေခိုင်းမှုနောက် ကောက်ကောက်ပါအောင် လိုက်သွားခဲ့ပြီးမှ ရော်ရွက်ဝါ အကြွေကလေးတွေကိုတောင် အသနားပိုခဲ့မိသော ကျွန်မသည် ချစ်သူအား မသနား မစာနာ ရက်ရက်စက်စက် စွန့်ခွာထားရစ်ခဲ့မိသည်။ ကျွန်မအား မုဆိုးတစ်ပိုင်း မိန်းမရိုင်းဟု စွပ်စွဲကြခြင်းကို မတုန်မလှုပ် ကျောက်ဆစ်ရုပ် မျက်နှာပေးနှင့် ရင်ဆိုင်ရင်း အောင်မြင်မှု ဇာတ်ခုံပေါ် သရုပ်ဆောင်းနိုင်ခဲ့သော်လည်း ရင်တွင်း၌ မွမွကြေနေသော အက်ကွဲရာများ နှင့် နှလုံးသား၏ နာကျင်စွာ ရှိုက်ငိုနေမှုကြောင့် ကျွန်မသည် မကြာခင် ကြွေလွင့်တော့မည့် ရော်ရွက်ဝါကလေး အလား သဏ္ဍာန် ဖြစ်နေသည်။ သူတို့ အား ကယ်တင်ဖူးသော ကျွန်မအတွက် ရော်ရွက်ဝါလေးတွေ၏ ဆုတောင်းကြောင့် ကျွန်မ၏ နှလုံးသွေးတစ်စက်သည် မင်တစ်စက်အဖြစ်သို့ ကူးပြောင်းအောင်မြင် နိုင်ခဲ့သော်လည်း ချစ်ဦးသူကို အတိတ်ရာဇဝင်၌ ထားရစ်ခဲ့သော ကျွန်မကို ချစ်သူက ပစ်ခတ်လိုက်သော ကျိန်စာဆူး မြားချက်က ကျွန်မရင်မှာ နက်ရှိုင်းစွာ စိုက်ဝင်စူးနစ်နေပါပြီကော မောင်ရယ်။ ချစ်ဦးသူ မောင့်ရင်ကို အနာတရဖြစ်စေခဲ့

သော ကျွန်မရင်မှာ လည်း အဆများ စွာ သာလွန်တဲ့ အနာတရက သေ ရာပါသွားတော့မှာ ပါ။ ဒါဟာ မောင့်ရဲ့ ကျိန်စာကြောင့် ထင်ပါသည် ။

ကျွန်မရင်မှာ စူးနစ်ဝင်နေတဲ့ မောင့်ကျိန်စာပါ။

*****

## အပိုင်း (၁)
## အချစ်တစ္ဆေခြောက်လှန့်ခြင်းခံရသော
## အတိတ်၏ နေ့ရက်များ

**အကြည့်ချင်းဆုံ**

**ရင်တွေခုန်သည် ၊**

**မလုံမလဲ မျက်နှာလွှဲလည်း ၊**

**ရင်ထဲထိသွား၊**

**ဒါ ... အချစ်လား။**

***

# အခန်း (၁)

ပျော်စရာကောင်းသော နေ့ရက်များကို ကြည့်လျှင် ... ကျောင်းသူကျောင်းသား ဘဝမျက်နှာစာများ သည် လည်း အပါအဝင်တစ်ခု ဖြစ်လေသည် ။ ကျောင်းသားဘဝ၌ ဆုံတွေ့ခဲ့သော သူငယ်ချင်းများ နှင့် ခွဲခွာရမည်ဆိုသောအခါ ရင်ထဲ၌ တစ်မျိုးဖြစ်သွားသည် ။

ပတ္တမြား မကြာခင် ပိတောက်မြေကို ခွဲခွာရလိမ့်မည်။

ပိတောက်ပန်းပင်တို့ ချာချာလည်ဝန်းရံနေသော အိမ်ကလေးကို ကြည့်ရင်း သူ့ရင်ထဲ ကြေကွဲသလို ခံစားနေရသည် ။

မဖြစ်ပါဘူး ကြေကွဲဝမ်းနည်းစရာမှ မဟုတ်ပေဘဲ။ ဖခင်သည် နိုင်ငံ့ဝန်ထမ်းဖြစ်သည့် အားလျော်စွာ အနယ်နယ်အရပ်ရပ်သို့ (၃) နှစ် တစ်နေရာ (၂) နှစ် တစ်နေရာဆိုသကဲ့သို့ ရွှေ့ပြောင်း နေထိုင်ခဲ့ရသည် မှာ မိမိသိတတ်စ အရွယ်ကတည်းကပင် ဖြစ်သည် ။ မော်လမြိုင် ဖားအောက်ရွာ ကလေးရှိ အရာရှိအိမ်ရာကိုတော့ ပတ္တမြား နှစ်သက်လေသည် ။ သူကဲ့သို့ မောင်နှမအားလုံးကလည်း နှစ်သက်သည် ။

ပိတောက်ပွင့်သော ရာသီ၌ ပြောင်းလာခဲ့သည် ။

ပိတောက်ပွင့်ချိန်၌ မွေးပြီး ပိတောက်ပန်းကို နှစ်သက်တတ်သလို ပိတောက်မြင်တိုင်း မျက်ရည်ဝိုင်းတတ်သည့် ခံစားချက်က ပတ္တမြား၏ အတိတ်ဘဝပေါင်းများ စွာက ပိတောက်နှင့် ပတ်သက်ဖူးလိမ့်မည် ထင်ပါသည် ။

မနေ့ကပင် ပင်လုံးညွတ်ပွင့်သော ပိတောက်ပင်များ သည် ယနေ့အရောင်တွေ ဖျော့သွားပြီး မြေနီသားပေါ်၌ မြေသားပျောက်အောင် ပွင့်

ကြွေပိတောက်တို့ က ကော်ဇောအလား တန်ဆာဆင်ပေး ထားသည် ။

ကြည့်ကောင်းကောင်း နှင့် ငေးကြည့်ရင်းက ရင်ဝယ် လွမ်းဆွတ်တသဖြစ်မိလေရာ ပြေလိုပြေငြား တောစပ်သို့ နှုတ်ဆက် ခြေလှမ်းများ နှင့် လှမ်းခဲ့လေသည် ။

သပြေနီ၊ သပြေညို၊ ကျောက်သပြေငုတ်တိုများ နောက်တစ်ပတ်လောက်ဆိုလျှင် ခူးဆွတ်မည့် သူမှ ရှိပါလေမလား။

ရင်ခတ်ပန်းတို့ က ဝင်းဝါစွာဖြင့် မြေမှာ ကပ်လျက် ထိုးထိုးထောင်ထောင်နှင့် ပေါက်ရောက်နေ ကြသည် ။

ဘောင်ဘောင်သီးဟု ခေါ်သော မြရာပင်၌ အသီးတို့ က ကိုင်းညွှတ်နေသည် ။ မောင်များက ခူးဆွတ်ကာ ဆော့ကစားသည့်တိုင်အောင် ကျန်နေဆဲဖြစ်သည် ။

စမ်းချောင်းလေးဘက် လျှောက်ခဲ့သည် ။ မောင်တွေကတော့ ရေကူးနေကျဖြစ်သည် ။ မိမိတို့ ညီအစ်မတွေကတော့ ရေမကူးကြ။ ရေဆော့ရုံပဲ ဆော့သည် ။ ပန်းကြွေလေးများကိုလည်း ရေထဲမျှောတတ်သလို စက္ကူလှေကလေးများ လည်း လွှတ်တတ်သည် ။ ခတ်ချိုပန်းရနံ့က သင်းပျံ့လာသည် ။ တောအုပ်လေးထဲ အလေ့ကျပေါက်နေသော ပိတောက်ရနံ့က မွှေးကြိုင် ထုံသင်းနေဆဲပင်။

နေရစ်တော့ တောအုပ်ကလေးရေ။

စွဲလမ်းတတ်သော မိမိနှလုံးသားက အကျွမ်းတင်ရှိတတ်သည့် တောအုပ်ကလေးကိုတောင် စွဲလမ်းတွယ်တာမိလေသည် ။ သပြေညိုကလေးများကို ချိုးပြီး တောအုပ်ကလေးမှာ ထားရစ်ကာ အိမ်ဆီသို့ ပြန်လှည့်ခဲ့လေသည် ။ နေညိုတော့မည်။ နှလုံးသားမှာ ညိုမှိုင်းကာ လွမ်းရိပ်ဆင်

နေလေပြီ။

ချုပ်ညနေ၏ ဆည်းဆာချိန်သည် ကောင်းကင်တစ်ခုလုံးကို နီဝါ လင်းတန်း ဆင်မြန်းပေး ထားသည် ။ ကောင်းကင်၏ အရောင်က မြေပြ င်ကို ဟပ်ထင်တော့ ‘အကျည်းတန်လှချိန်’ ဟု ပင် တင်စားရသောအခါ သမယ၌ အေးချမ်းသော လှနတ်သမီးလေးကို သူတွေ့လိုက်သည် ။

အကျည်းတန်လှချိန်ကပဲ သူ့ကို ဖြားယောင်းလိုက်သလား။ သတ္တ ဘာဝနတ်မင်းကပဲ သူ့နှလုံးသား မြားနှင့် ပစ်ခွင်းလိုက်သလား။ သူ မသိ လိုက်ခင်မှာ ပဲ သူ့နှလုံးသား လှုပ်ခတ်သွားသည် ။

သရက်ပင်အိုး၏ အလယ်တည့်တည့်ကို ပစ်မှတ်ဗဟိုထားကာ ခါးပေါ က် လေ့ကျင့်ဆော့ကစား နေသော သူ့ကို သရက်ပင်အိုက ကျိန်စာတိုက် လိုက်သည် ထင့် သူ့နှလုံးသား မြားနှင့် ပစ်ခွင်းခံလိုက်ရပြီ။ သို့သော် ထို မြားသည် သတ္တဘာဝနတ်မင်းက ပစ်လွှတ်လိုက်သော ဖူးစာမြား ဖြစ် ခြင်းကြောင့် သူ့နှလုံးသား စူးနစ်ဝင်သွားခြင်းကို သူကျေနပ်စွာ ခံယူ လိုက်သည် ။

ခေါက်ခါးလေးကို ပြန်ခေါက်သွင်းလိုက်၏။ သပြေပန်းများကို ပွေ့ပို က်ပြီး ပြန်လာသော လှနတ်သမီးလေးကို မှ င်သက်ပြီး ကြည့်နေမိသည် ။ မျက်နှာပြင်ဝယ် ဘာရောင်စုံမိတ်ကပ်မှ မရှိချေ။ ပင်ကိုဝင်းဝါသော အ သားအရေကို စုံးစုံးမြုပ်ခါနီး တောက်ပနေသော နေရောင်ခြည်၏ ထိုး ဟပ်မှုကိုပါ ခံယူထားသောကြောင့် တောက်ပနေသည် ။ ခူနက်ကောင် အလား ထူထဲသော မျက်ခုံး၊ ပေါ်လွင်သော နှာတံ၊ ပိရိသော နှုတ်ခမ်း လွှာတို့ က ချောမောလှပ ကျက်သရေရှိခြင်းကို ဖော်ဆောင် နေ သော်လည်း မျက်လုံးများက မှေးမှိ န်သော်လည်း မျက်ဝန်း၏ ထောင့်စွန်းဝယ် စိန်ကြယ်ပွင့်လေးလို လင်းလက်နေသည် ။ သေသေချာ

ချာကြည့်မှ ကြေကွဲပွင့်တို့ စွန်းထင်းနေခြင်း ဖြစ်သည် ။

ရွှေစစ်သည် တောစပ်မှ လျှောက်လာသော မိန်းကလေးကို သစ်ပင်ကို အကာအကွယ်ပြု၍ မှ င်သက် ငေးမောနေမိသည် ။

ဖြောင့်စင်းနက်မှောင်ကာ ပိတုန်းရောင် တောက်နေသော ဆံနွယ်ပျော့ပျော့လေးများက ပခုံးလယ်သို့ပင် မရောက်တရောက်။ လေအနွဲ့၌ လူးလွန့်လွင့်ပါးနေသည် မှာ ပန်းချီဆန်နေသည် ။ သူသည် ပန်းချီဆွဲတတ်မည် ဆိုပါက အဘယ်မျှ ကောင်းချိမ့်မည်နည်း။ ကင်မရာပါလာလျှင်လည်း ခိုးရိုက်ထားလိုက်မည်။

တွေးမယ်သာ တွေးရသည် ။ ဒါတွေ မလိုတော့ပါဘူး။

အဘယ်ကြောင့် ဆိုသော် သူ့နှလုံးအိမ်ဝယ် မိန်းကလေး၏ ရုပ်သွင်က စွဲထင်ပန္နက်ချ သွားလေပြီ။

မိန်းမချောလေးက ပိတောက်ပင်များ ဝန်းရံလျက်ရှိသော ပျဉ်ထောင်အိမ်ကြီးတစ်လုံးထဲ ဝင်ရောက် ပျောက်ကွယ်သွားလေသည် ။ နေလုံးနီကလည်း အနောက်ဘက် ယွန်းယွန်း မိုးကုတ်စက်ဝိုင်းအောက် စုံးစုံးမြုပ်သွားလေသည် ။ သူ၏ ရောင်ခြည်ပဝါကလည်း တဖြည်းဖြည်းနစ်မြုပ် ပျောက်ကွယ်သွားလေသည် ။

ပိတောက်ပင်များ ဝန်းရံလျက်ရှိသော အိမ်ကြီးဆီမှ လျှပ်စစ်မီးရောင်များ လင်းလက်လာသည် ။ လမ်းမီးတို့ လည်း ထွန်းလင်းလာသည် ။

ရွှေစစ် ပင့်သက်ရှိုက်လိုက်ပြီး ပြိုင်ဘီးလေးကို နင်းကာ ဖားအောက်ရွာထဲသို့ ပြန်လာခဲ့သည် ။ သူ့ရင်ထဲ ဟင်းလင်းပြင် ဖြစ်နေသည် ။ ခံစားမှု ပေါက်ဖွားစေတတ်သော ဟဒယနှလုံးအိမ်ကို တောစပ်က မိန်းမပျိုလေး၏ နှုတ်ယူဖမ်းစား လိုက်လေပြီ ထင်ပါသည် ။

သူ့ရင်ထဲ တကယ့်ကို လစ်ဟာနေလေပြီ။

***

'နေရစ်တော့ ရွှေနတ်တောင် ကျောင်းကြီးရေ'

ရွှေနတ်တောင်ရှိ သူငယ်ချင်း အေးမိစံအိမ်သို့ သွားရောက်နှုတ်ဆက်ရန် ထွက်လာခဲ့သည် ။

အဝေးပြေးလမ်းမကြီး၏ ဘေး၌ ရှိနေသော ရွှေနတ်တောင် ကျောင်းကိုဖြတ်သွားရင်း ရင်ဝယ် ကြေကွဲတမ်းတစွာဖြင့် နှုတ်ဆက် လိုက်လေသည် ။

'ရွှေယောက်မရယ် ပြောင်းရတော့မယ်ဆို'

'အင်းလေ'

'အဲတော့ သူများ တို့ က သူနဲ့ မော်လမြိုင်တက္ကသိုလ်မှာ တက်ရတော့မယ်ဆိုပြီး ပျော်နေတာ ရွှေနတ်တောင်ကျောင်းရဲ့ ကွင်းကနေ မော်လမြိုင်တက္ကသိုလ်ကွင်းဟာ သူများ သူငယ်ချင်းပါဆိုပြီး ကြွားရတော့မယ့်ဟာကို'

သူတို့ အရပ်ဒေသက ကိုယ့်ကိုယ်ကို 'သူများ ''တို့ များ ' ဟု သုံးတတ်လေရာ ပတ္တမြားပါ အကျင့်ပါသွားပြီ။

ကိုယ့်ကိုယ်ကို 'သူများ ' ဟု သုံးတတ်သော အလေ့မှာ စွဲခဲ့လေသည် ။

'သူများ လည်း ဘယ်ပြောင်းချင်ပါ့မလဲ မိစံရယ်'

‘ရန်ကုန်ပဲလား’

‘အင်း ရန်ကုန်လည်း ခဏပဲ နေမှာ ဘယ်ထပ်ပြောင်းရဦးမယ် မသိဘူး’

ကြက်မောက်သီး ခူးကာ အညှာလေးများကို ပြန်လိပ်ကာ ရောင်းတန်းဝင် ကြက်မောက်သီး တွဲကြီးဖြစ်ရန် စည်းနှောင်းနေသော အေးမိစံက လုပ်လက်စကို ချထားပြီး ကြက်မောက်သီးကြွေ များကို ပန်းကန်နှင့်ထည့်ကာ သူ့ကို တည်ခင်းဧည့်ခံလေသည် ။

‘နေစမ်းပါ သူများက ဧည့်သည် မှ မဟုတ်တာ။ ရေသောက်ချင်တယ်။ တက်သောက်လိုက် ဦးမယ်။ အိမ်ပေါ်မှာ ဘယ်သူတွေရှိနေသလဲ’

‘ကိုယ်နဲ့ ဧည့်သည် တွေရှိတယ်’

‘ဟုတ်လား ဒါဖြင့် နောက်ဖေးဘက်ကပဲ တက်တော့မယ်’

‘သူ့ကို ကိုက်စားမှာ ကျနေတာပဲ’

အေးမိစံကို ခွန်းတုံ့ပြန်မနေတော့။ အိမ်ဘေး အရိပ်ကောင်းကောင်းအောက် ကွပ်ပျစ်၌ ကြက်မောက်သီး ထိုင်စည်းနေသော အေးမိစံထံတန်း လာပြီးနေသဖြင့် အိမ်ပေါ်မှ စကားသံသဲ့သဲ့တို့ ကြားသော်လည်း ဧည့်သည် ရှိမည်ဟု မထင်မှတ်ခဲ့။ ထမင်းစားခန်း၌ ရေအိုးစင်ရှိနေသည် ။ ထမင်းစားခန်းနှင့် ဧည့်ခန်းက တစ်ဆက်တည်းဖြစ်သည် ။ ဧည့်ခန်းကိုလှမ်းမြင်ရသည် ။ ရေသောက်ရင်း ပတ္တမြား၏ မျက်ဝန်းက ဧည့်ခန်းသို့ရောက်သွားသည် ။ ‘ဒိန်းကနဲ’ မြည်ဟည်းသံသည် နှလုံးအိမ်မှ ရုတ်ခြည်း ပေါက်ဖွားလာခြင်း ဖြစ်သည် ။ ကြည်လဲ့သော မျက်ဝန်းအစုံနှင့် ထိပ်တိုက်သွားရင်ဆိုင် တိုးလိုက်ခြင်းဖြစ်သည် ။ ရေမသီးအောင် မနည်းသတိထားပြီး မျက်နှာလွှဲလိုက်သည် ။ သို့တိုင်အောင် နှလုံးသား၌

သူ၏ ပုံရိပ်က လိုက်ပါလာသည် ။ရေကုန်အောင် သောက်ပြီး ကမန်းကတန်း ပြန်ဆင်းခဲ့သည် ။

'မြန်လိုက်တာ ကြက်မောက်သီး စားဦး'

'ဘယ်က ညှော်သည် လဲ'

'ကိုယ်ရဲ့ ညှော်သည် တွေ ရန်ကုန်ကပဲ'

ထိုစဉ် အိမ်ပေါ်မှ ဆင်းလာသူများကြောင့် ပတ္တမြား အကြည့်ရောက်မသွားစေရန် သတိထားလိုက်သည် ။ စောစောက ရင်ခုန်ခဲ့သော အရှိန်က မသေသေး။ ပုဆွန်ဆိတ်အလား တဆတ်ဆတ် ခုန်နေဆဲဖြစ်သည် ။

'ဒါ ကိုယ့်ညီမလေး မိစံ၊ အေးမိစံတဲ့ ။ သူက မိစံသူငယ်ချင်း ပတ္တမြားတဲ့ '

ကိုယ်က လာရောက် မိတ်ဆက်ပေးနေတော့ အေးမိစံကော သူ့အကြည့်ရောကပါ ကိုယ်တို့ ထံသို့ ရောက်သွားရသည် ။ လာပါပြီ။ ဒီမျက်ဝန်းတစ်စုံနှင့်မှ ထိပ်တိုက်ရင်ဆိုင် လိုက်ရသည် လို့ ။ ကြည်လဲ့သော မျက်ဝန်း၊ ပြုံးနေသော နှုတ်ခမ်းပိုင်ရှင်အား မဝံ့မရဲကြည့်ကာ ကိုယ်ထံ အကြည့်လွှဲပြောင်းတော့ ...

'ဒါ ကိုယ်နဲ့ ဘော်ဒါအတူတူတက်ကြတဲ့ သူငယ်ချင်း'

သူ့ရင်ကို လှုပ်ခတ်စေသူက ရွှေစစ်တဲ့ လား။

'သူက အောင်နိုင်'

ပြုံးပြလိုက်သည် ။

သူတို့ ကလည်း ပြုံးသည် ။ ပြောစရာ စကားစတို့ ရှာမရသကဲ့သို့ ဆွံ့အပျောက်ဆုံး နေကြသည် ။

‘အဲ ကွပ်ပျစ်ကလည်း နေရာပြည့်နေတော့ အစ်ကိုတို့ ထိုင်ဖို့ တောင် နေရာမရှိဘူး ကိုငယ် လုပ်ပေးလေ’

‘ရတယ် ဒီကောင်တွေကို ဒူးရင်းပင် လိုက်ပြပေးမလို့ ပတ္တမြားကော လိုက်ဦးမလား’

‘မလိုက်တော့ပါဘူး’

ယောက်ျားလေးတွေ ကြားထဲ ဘာလိုက်လုပ်ရမှာ တဲ့ လဲ။ ကိုငယ်က အေးမိစံ၏ အစ်ကိုဝမ်းကွဲဖြစ်သည် ။ သက်တူရွယ်တူဖြစ်သည် ။ မိသားစု ၃ စု တစ်အိမ်တည်း တစ်ဝိုင်းတည်း နေကြသူများ ဖြစ်သည် ။ ဆယ်တန်းနှစ်တွင် ကိုငယ်အား ရန်ကုန်၌ ဘော်ဒါဆောင် သွားထားသည် ။ ဆယ်တန်းပြန်လာဖြေသည် ။ အောင်နိုင်က ဖားအောက်က ဖြစ်ပြီး ရွှေစစ်ကိုတော့ ရန်ကုန်ကဟု သိရသည် မှ အပ ပတ္တမြား ထူးခြားစွာ ပိုမသိခဲ့ပါချေ။

ထိုစဉ် ရွှေနတ်တောင် ဆေးရုံသို့ ထမင်းချိုင့်ပို့သွားပြီး ပြန်လာသော ဉာနဆိုင်ရာ ကားက လမ်းမှ ဟွန်းလှမ်းတီးသဖြင့် ပတ္တမြား ကွပ်ပျစ်ပေါ်မှ ဆင်းရပ်ပြီး ငုံ့ကာ ဖိနပ်စီးနေစဉ် မလှမ်းမကမ်း၌ ကတ္တီပါသဲကြိုးရှားရောင် အောက်၌ ဖွေးကာ ရှင်းသန့်နေသော ခြေအစုံကို လှမ်းတွေ့လိုက်ရလေသည် ။ ဆတ်ကနဲ မော့ကြည့်လိုက်တော့ ရင်ခုန်စည်းချက်များကို ဖန်ဆင်းပေးသူအား တွေ့လိုက်ရသည် ။ သူက ပြုံးကာ ...

‘ပြန်တော့မလို့ လား’

‘ဟုတ်ကဲ့ သွားမယ်’

တီ တီ တီ တီ

‘ လာပြီ’

ပတ္တမြားက သူ့အား ကျောခိုင်းလိုက်သော်လည်း ရင်ဝယ် တစ်ခုတစ်ခု ကပ်ငြိပါလာပုံရသည် ။ နှလုံးသားသည် ဝန်ထုပ်ဝန်ပိုးတစ်ခုကို ထမ်းရွက်လိုက်ရသည့်အလား မောဟိုက်တုန်ရီနေသည် ။

ကားပေါ်ရောက်တော့ နောက်ကြောင်းသို့ ပြန်လှည့်ကြည့်မိသည် ။ ရွှေစစ်က ရပ်ကာ ငေးမောနေဆဲ။

သြော် သူစိမ်းရယ် ခုမှ စတွေ့သည် ခုမှ ရင်ခုန်ရသည် ။ မိမိကဲ့သို့ သူကော ခံစားနေရသလား။

ရင်ခုန်ခြင်းဟာ အချစ်လား။

အချစ်ဟူသော တစ္ဆေသည် အချိန်အခါ နေရာဒေသမရွေး ဖျတ်ကနဲ ရောက်လာတတ်သလား။ ပတ္တမြား စဉ်းစားလိုက်သည် ။ စဉ်းစားလိုက်တိုင်း ရွှေစစ်မျက်နှာ တရေးရေးမြင်ယောင်လာသည် ။

သေချာပါပြီ။ ဒါ အချစ်ပဲဖြစ်မည်။

ရင်ထဲ၌ ကဗျာစပ်နေမိသည် ။

အကြည့်ချင်းဆုံ ရင်တွေခုန်သည် ၊ မလုံမလဲ မျက်နှာလွှဲလည်း ရင်ထဲထိသွား ဒါအချစ်လား ... ဟူ၍

ပတ္တမြားရင်ထဲ ထူးခြားသော ခံစားမှုတစ်ရပ်ကတော့ သိသိသာသာကို ဖြစ်ထွန်းခဲ့လေသည် မှာ တော့ အမှန်ပင် ဖြစ်သည် ။ ထိုအကြောင်းအရာတို့ သည် နှစ်ပေါင်းအစွန့်ရှည် ကြာသည့်တိုင်အောင် မေ့ပျောက်မသွားဘဲ နှလုံးပြင်၌ ပုံရိပ်ထင်ဟပ်ကျန်ရစ်ခဲ့လိမ့်မည်ဟု ပတ္တမြားတွေးထင် မထားခဲ့မိပါချေ။

*****